Form (5-A)

E000062

THE REPUBLIC OF THE UNION OF MYANMAR

Myanmar Investment Commission

ENDORSEMENT

Endorsement No. 158 / 2019 Dated 11 July 2019

This endorsement is issued by the Myanmar Investment Commission in accordance with Section 25 (d) of the Myanmar Investment Law.

(1) Investor Name U TIN WIN

(2) Citizenship MYANMAR

(3) Residential Address NO. (407/ 408), 9th STREET, WARD (1), MAYANGONE TOWNSHIP, YANGON

(4) Name and Address of Principal Organization KYAR MIN GYI COMPANY LIMITED, NO. (407/ 408), 9th STREET, WARD (1), MAYANGONE TOWNSHIP, YANGON

(5) Place of Incorporation MYANMAR

(6) Type of Business MANUFACTURING AND MARKETING OF SINGLE MALT WHISKEY

(7) Place(s) of Investment Project HOLDING NO. 2/ 1, 3, 4, 5, KWIN NO. 75/ 1, TAUNG CHAE WEST KWIN, HOLDING NO. 14, 16, KWIN NO. 265, LOI KAW TAUNG KWIN, TAUNG LAY LONE VILLAGE TRACT, TAUNGGYI TOWNSHIP, TAUNGGYI DISTRICT, SOUTHERN SHAN STATE

(8) Foreign Capital Amount NIL

(9) Period for Foreign Capital to be brought in NIL

(10) Total Amount of Capital (Kyat) 6700.00 MILLION (INCLUDING US$ 2.10 MILLION)

(11) Construction/ Preparation Period 2 YEARS

(12) Validity of Endorsement 50 YEARS

(13) Form of Investment WHOLLY MYANMAR OWNED

(14) Name of Company Incorporated in Myanmar KYAR MIN GYI COMPANY LIMITED

Thaung Tun

(Thaung Tun)

Chairperson

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အတည်ပြုမိန့်

အတည်ပြုမိန့်အမှတ် ၁၈၅/၂၀၁၉ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ 11 ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ-၂၅(ဃ) အရ ဤအတည်ပြုမိန့်ကို ထုတ်ပေးလိုက်သည် -

(၁) ရင်းနှီးမြှုပ်နှံသူအမည် ဦးတင်ဝင်း

(၂) နိုင်ငံသား မြန်မာ

(၃) နေရပ်လိပ်စာ အမှတ်(၄၀၇/၄၀၈)၊ (၉)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

(၄) ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ ကျားမင်းကြီး ကုမ္ပဏီလီမိတက်၊ အမှတ် (၄၀၇/၄၀၈)၊ (၉)လမ်း၊ (၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

(၅) ဖွဲ့စည်းရာအရပ် မြန်မာ

(၆) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား Single Malt Whiskey အရက်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း

(၇) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) ဦးပိုင်အမှတ်-၂/၁၊ ၃၊ ၄၊ ၅၊ ကွင်းအမှတ်-၇၅/၁၊ တောင်ခြေအနောက်ကွင်း၊ ဦးပိုင်အမှတ်၁၄၊၁၆၊ ကွင်းအမှတ်-၂၆၅၊ လွိုင်ကော်တောင်ကွင်း၊ တောင်လေးလုံးကျေးရွာအုပ်စု၊ တောင်ကြီးမြို့နယ်၊ တောင်ကြီးခရိုင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

(၈) နိုင်ငံခြားမတည်ငွေရင်းပမာဏ မရှိ

(၉) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ မရှိ

(၁၀) စုစုပေါင်းမတည်ငွေရင်းပမာဏ(ကျပ်) ၆၇၀၀.၀၀ သန်း (အမေရိကန်ဒေါ်လာ ၂.၁၀ သန်း အပါအဝင် ကျပ် ခြောက်ထောင့်ခုနစ်ရာသန်းတိတိ)

(၁၁) တည်ဆောက်မှု/ပြင်ဆင်မှုကာလ ၂ နှစ်

(၁၂) အတည်ပြုမိန့် သက်တမ်း ၅၀ နှစ်

(၁၃) ရင်းနှီးမြှုပ်နှံမှုပုံစံ ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု

(၁၄) မြန်မာနိုင်ငံတွင်ဖွဲ့စည်းမည့်ကုမ္ပဏီအမည် ကျားမင်းကြီးကုမ္ပဏီလီမိတက် (KYAR MIN GYI COMPANY LIMITED)

(သောင်းထွန်း)

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

စာအမှတ် ၊ မရက- ၂/အ-၀၄၁/၂၀၁၉(၁၉၇)
ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ဇူလိုင်လ // ရက်

အကြောင်းအရာ။ ကျားမင်းကြီး ကုမ္ပဏီလီမိတက် (Kyar Min Gyi Company Limited) မှ Single Malt Whiskey အရက်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း အတည်ပြုမိန့်အပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဆုံးဖြတ်ချက်

ရည် ညွှန်း ချက်။ ကျားမင်းကြီး ကုမ္ပဏီလီမိတက် (Kyar Min Gyi Company Limited) ၏ (၂၅-၃-၂၀၁၉) ရက်စွဲပါစာ

၁။ ကျားမင်းကြီး ကုမ္ပဏီလီမိတက် (Kyar Min Gyi Company Limited)မှ ဦးပိုင်အမှတ် ၂/၁၊ ၃၊ ၄၊ ၅၊ ကွင်းအမှတ်-၇၅/၁၊ တောင်ခြေအနောက်ကွင်း၊ ဦးပိုင်အမှတ်-၁၄၊ ၁၆၊ ကွင်းအမှတ်-၂၆၅၊ လှိုင်ကော်တောင်ကွင်း၊ တောင်လေးလုံးကျေးရွာအုပ်စု၊ တောင်ကြီးမြို့နယ်၊ တောင်ကြီးခရိုင်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် Single Malt Whiskey အရက်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလွှာ တင်ပြခြင်းအား ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၁/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက် အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေကို ကျင့်သုံးလျက် ကျားမင်းကြီး ကုမ္ပဏီလီမိတက် (Kyar Min Gyi Company Limited) အား Single Malt Whiskey အရက်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အတည်ပြုမိန့် အမှတ်၊ ၁၅၈/၂၀၁၉ ကို ထုတ်ပေးလိုက်သည်။

၂။ ကျားမင်းကြီး ကုမ္ပဏီလီမိတက် (Kyar Min Gyi Company Limited) အနေဖြင့် ဤအတည်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ပါအချက်များကို လိုက်နာ ဆောင်ရွက်ရမည်-

(က) ကျားမင်းကြီး ကုမ္ပဏီလီမိတက် (Kyar Min Gyi Company Limited) သည် ဤအတည်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြထားသည့်

ထုတ်လုပ်မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များအဖြစ် ထားရှိ ဆောင်ရွက် အကောင်အထည်ဖော်ရမည်။

(ခ) ကျားမင်းကြီး ကုမ္ပဏီလီမိတက် (Kyar Min Gyi Company Limited) အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၆၅ နှင့် နည်းဥပဒေ အခန်း(၂၀) တို့တွင် ပြဋ္ဌာန်း ထားသည့် ရင်းနှီးမြှုပ်နှံသူ၏ တာဝန်ဝတ္တရားများနှင့်အညီ လိုက်နာ ဆောင်ရွက် ရမည်။

(ဂ) ကျားမင်းကြီး ကုမ္ပဏီလီမိတက် (Kyar Min Gyi Company Limited) သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထုတ်ပြန်ထားပြီးဖြစ်သော ပတ်ဝန်းကျင် ထိန်းသိမ်း ရေးဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ဖော်ပြပါရှိသည့် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန် ချက် များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

(ဃ) ကျားမင်းကြီး ကုမ္ပဏီလီမိတက် (Kyar Min Gyi Company Limited)သည် အဆိုပြု လုပ်ငန်းဆောင်ရွက်ရာတွင် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် မီးဘေးအန္တရာယ်ထိန်းသိမ်းကာကွယ်ရေးစနစ်များကို ဝန်ခံကတိပြု ထားသည့်အတိုင်း စနစ်တကျထားရှိဆောင်ရွက်ရမည်ဖြစ်ပြီး မီးသတ်ဦးစီးဌာန၏ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့် အမိန့်များကို တိကျစွာလိုက်နာ ဆောင်ရွက်ရမည်။

(င) ကျားမင်းကြီး ကုမ္ပဏီလီမိတက် (Kyar Min Gyi Company Limited) သည် ရင်းနှီးမြှုပ်နှံမှုအား လုပ်ငန်းသက်တမ်းကာလအတွင်း အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်းနှင့် လုပ်ငန်း လွှဲပြောင်းခြင်း တို့ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၇၂ နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၁ အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြ ရမည်။

(စ) ကျားမင်းကြီး ကုမ္ပဏီလီမိတက် (Kyar Min Gyi Company Limited)သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၆ အရ အတည်ပြုမိန့် သို့မဟုတ် သက်သာခွင့် ရရှိထားသော ရင်းနှီးမြှုပ်နှံသူသည် နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး နောက် သုံးလအတွင်း သတ်မှတ်ချက်ပါ အသေးစိတ်များ ပါရှိသည့် နှစ်စဉ်အစီရင်ခံ စာအား သတ်မှတ်ပုံစံဖြင့် ကုမ္ပဏီ၏ ဝက်(ဘ်)ဆိုဒ် (သို့မဟုတ်) ကော်မရှင်ရုံး၏ ဝက်(ဘ်)ဆိုဒ်သို့ တင်ပြရမည်။

ဆ·

(ဆ) ကျားမင်းကြီး ကုမ္ပဏီလီမိတက် (Kyar Min Gyi Company Limited) သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၇ အရ လုပ်ငန်းဆောင်ရွက်နေစဉ် အတွင်းလုပ်ငန်း အစီရင်ခံစာကို သုံးလလျှင် တစ်ကြိမ် ကော်မရှင်က သတ်မှတ်တောင်းခံသည့် ပုံစံဖြင့် တင်ပြရမည်။

၃။ ကျားမင်းကြီး ကုမ္ပဏီလီမိတက် (Kyar Min Gyi Company Limited) အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၆၅ (ဃ) အရ သက်ဆိုင်သည့် ပြည်ထောင်စု ဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှ လိုင်စင်သို့မဟုတ် ခွင့်ပြုမိန့်ရယူရန် လိုအပ်လျှင်ဖြစ်စေ၊ မှတ်ပုံတင်ရန် လိုအပ်လျှင် ဖြစ်စေ သက်ဆိုင်ရာ ဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၄။ ကျားမင်းကြီး ကုမ္ပဏီလီမိတက် (Kyar Min Gyi Company Limited) သည် အဆိုပြုလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းသဘာဝအရဖြစ်စေ၊ အခြားလိုအပ်ချက်အရဖြစ်စေ သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ရယူရန် လိုအပ်လျှင်ဖြစ်စေ၊ သက်ဆိုင်ရာဌာနနှင့် မြေငှားရမ်းခြင်း စာချုပ်ချုပ် ဆိုသည် ဖြစ်စေ၊ မှတ်ပုံတင်ရန် လိုအပ်လျှင်ဖြစ်စေသက်ဆိုင်ရာဌာန၏ ဆောင်ရွက်ချက်များနှင့်အညီ ဆောင်ရွက်ပြီး မိတ္တူ (၅) စုံစီအား ကော်မရှင်သို့ ပေးပို့ရမည်။

(သောင်းထွန်း)
ဥက္ကဋ္ဌ

ကျားမင်းကြီး ကုမ္ပဏီလီမိတက် (Kyar Min Gyi Company Limited)

ဖြန့်ဝေခြင်း

ပြည်ထောင်စု အစိုးရအဖွဲ့ရုံး
ပြည်ထဲရေးဝန်ကြီးဌာန
ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
စက်မှုဝန်ကြီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ
ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ တောင်ကြီးမြို့
ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ရ.